dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"What are new trends in Parenting?"*

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "မိဘတွေရဲ့ သားသမီးအပေါ် ထိန်းကျောင်းမှုက ဘယ်လိုမျိုး ဖြစ်သင့်လဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အရင့်အရင်ခုနှစ် သက္ကရာဇ်များဆီတုန်းကမူ အရွယ်တကာ့အရွယ်များထဲတွင် ကျောင်းသား အရွယ် ဘဝကိုနှစ်သက်ခုံမင်ခဲ့ကြရပြီး ထိုကျောင်းသားဘဝထဲမှ အခြေခံပညာ ကျောင်းသားဘဝကို ပိုနှစ်သက်ခဲ့ကြကြောင်း နှစ်ဟောင်းများကို ဖြတ်သန်းလာသူတို့က ဆိုကြသည်ကို ကြားခဲ့ ၊ ဖတ်ခဲ့ရဖူးသည်။

ယနေ့ခေတ်ကလေးတို့ ကျောင်းသားဘဝအပေါ် ယင်းသို့နှစ်ခြိုက်မှု ရှိမရှိ ကလေးအတော်တော် များများကိုမေးကြည့်ပါက အဖြေ မည်သို့ ထွက်လာမည်နည်း။ ကျောင်းလွယ်အိတ်(ကျောပိုးအိတ်ကြီး) နှင့် ရေဗူး၊ထမင်းချိုင့်ပါခြင်းတောင်းကို ဘေးမှ သယ်ပို့ပေး ကျောင်းကားပေါ်တက် ကျောင်းရောက်၍ ကျောင်းဆင်းအိမ်ပြန်ကြရသော်လည်း စာသင်ချိန်မှုကားမရပ်သေးပေ။ နှစ်ထပ်ရှိမှ မှတ်မိမည်ဆိုသည်ကို အားကျသည့်အလား အိမ်တွင်ဆရာဖြင့်ထပ်သင်သူတို့ကသင်ကြပေးသေးသည်။ ယခုခေတ်တွင် နှစ်ထပ်ကွမ်းစာသင်နှစ်ကြီး ပြီးဆုံး၍ နွေရာသီ ကျောင်းပိတ်ရက်များ ရောက်လာခဲ့ သော်လည်း မိဘတို့ဇောဖြင့် နွေကျောင်းပိတ်ရက်မတိုင်မီကပင် တင်ကြိုဆွဲဆောင်နေကြသည့် စာသင်နှစ်ကြို သင်ကြားကြသည့် ကျောင်းများသို့ အပြိုင်စာရင်းသွင်း၍ အပ်နှံပြီးဖြစ်ကြရာ ကလေးတို့အနေဖြင့် လွတ်လပ်ရေးနေ့များတိုတောင်းသွားပေသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုသည်ပူပြင်းခြင်းကြောင့် နွေဥတုတွင် ကလေးတို့ ဦးနှောက် ပင်ပန်းမှု အတွက် ခေတ္တအနားပေးသည့်အနေဖြင့် နွေကျောင်းပိတ်ရက်ကို သတ်မှတ်ထားသည်ဟု သိရသော်လည်း ယနေ့အခါ နွေရာသီအနားပေးမှု ပျောက်ကွယ်လုလုထိဖြစ်နေပေသည်။

ခေတ်အနေအထားက တောင်းဆိုချက်များ များလာပြီ ဖြစ်သည့်အပြင် မိဘများဘက်မှ ကလေးတို့အပေါ် ဖြည့်ဆည်းပေးမှုများက အဘယ်သို့ရှိနေသနည်း။ ဆရာတော် အရှင်ဆေကိန္ဒက မိဘတွေအနေနဲ့ မဖြစ်ခဲ့ရသည့် ကိုယ့်ဂါသနာ၊ကိုယ့်ဆန္ဒတွေကို ကလေးတွေကို ဖြည့်ဆည်းခိုင်းနေခြင်း ဖြစ်သည်ဟု မိန့်ကြားခဲ့ဖူးသည်။

မြန်မာပြည်တွင် လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်က  မိဘများ၏ဆန္ဒအရ ဆရာဝန်ဘဝ ရွေးချယ်ခဲ့ရပြီးမှ ကိုယ်ပိုင်ဘဝသို့ပြန်လည်လျှောက်လှမ်းသူတို့များစွာရှိခဲ့သည်ကို မှတ်မိကြပေလိမ့်မည်။ ဆရာဝန်ဘွဲ့ရ စီးပွားရေးသမားများ၊ ဆရာဝန်မလုပ်တော့သည့် စာရေးဆရာများ စသည်ဖြင့် ပေါ်ထွက်ခဲ့သည့် တစ်ခေတ်တခါရှိခဲ့သည်။

၂၁ရာစု၏ ခေတ်သစ်မိဘများအနေဖြင့် ယနေ့ခေတ်သစ်တွင် ကျန်းမာဖွံ့ဖြိုးပြီး ဟန်ချက်ညီသည့် လူငယ်တစ်ယောက်အဖြစ် ရောက်ရှိစေဖို့ မည်သည့်အတိုင်းအတာ မည်သို့သော အုပ်ထိန်းမှုပုံစံက မိဘများနှင့်သားသမီးတို့ အတွက် သင့်တော်မျှတ ထိန်းမတ်နိုင်မည်နည်း။

" ကလေး၊ကလေး အထင်မသေးနဲ့ ကလေးကောင်းမှ လူကြီးကောင်းမယ်"၊ " ယနေ့လူငယ် နောင်ဂယ် လူကြီး" ဆိုသကဲ့သို့ ကလေးမှ လူကြီးဘဝ တက်လှမ်းကြရာတွင် မည်သို့သော အရည်အသွေးတို့ကို သဟဇာတဖြစ်အောင် မည်သို့ဆောင်ရွက်ကြမည်နည်း။ထို့အတူ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသော ကလေးစာပေများ နှင့် ကလေးတို့ အတွက်အခွင့်အရေးများ ကို မြန်မာ့ယာဉ်ကျေးမှုနှင့်အညီ မည်သို့ဆောင်ရွက်ကြမည်နည်း စသည့်အချက်များကို ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်တွင် ဆွေးနွေးကြမည် ဖြစ်ပါသည်။

### သူတို့အမြင်

" "ကလေးဘဝဆိုတာ လူ့တစ်သက်တာရဲ့ အချိုမြိန်ဆုံး နေ့ရက်တွေ" တဲ့။ ဒီစကားဟာ ၁၉၆၀ အလွန်နှစ်တွေလောက်ကဆိုရင်တော့ အပြည့်အဝမှန်နိုင်ပါလိမ့်မယ်။ ဒီနေ့ကာလမှာတော့ တယ်မှန်မယ်မထင်တော့ဘူး။ အသက် ၃ နှစ်လောက်ဆိုရင်ပဲ အမေ့ရင်ခွင်ထဲကနေ မူကြိုရောက် နေရပြီ။ ၅နှစ်လောက်ရောက်ရင် ကျက်စရာစာတွေ တစ်ပုံတစ်ပင်။ ၇နှစ်လောက်ရောက်ရင် ကျက်စရာတစ်ပုံတစ်ပင်။ ၇ နှစ်လောက်ရောက်တော့ ကျူရှင်ပြေးရပြန်ရော၊ဒီအထဲ တီဗီကြည့်လိုက်ချင် ၊ ဂိမ်းကစားချင်။ပြီးတော့ အပြိုင်အဆိုင်ခေတ်ကြီး။ တစ်ယောက် တစ်ယောက် နာတစ်ဖျားသာလို့ မဖြစ်ဘူးလေ။ ကမ္ဘာနဲ့ချီပြီးတော့ ပြိုင်ကြရတာကလား။ ဒီတော့ ကစားကွင်း မဟုတ်မှာတော့ သေချာတယ်။ ဖြစ်ချင်းဖြစ်ရင်တောအုပ်ကြီးဖြစ်မှာပဲ။ ချုံနွယ် ပိတ်ပေါင်းတွေ၊ ချောက်တွေ၊ ကမ်းပါးတွေ၊ သားရဲတိရစ္ဆာန်တွေ ပြည့်နေတဲ့ တောအုပ်ကြီးထဲမှာ အပြေးပြိုင်နေကြရတာပါ။"      (**ကျော်ဂင်း** - ၂၁ရာစုသားရွှေဥ)။

" လူငယ်တွေရဲ့ဘဝမှာ လုပ်ချင်တာကို လုပ်ခွင့်ရှိပြီး မလုပ်ချင်တာကို မလုပ်ခွင့်ဆိုတဲ့ လွတ်လပ်သောရပိုင်ခွင့်မျိုးတွေ ရှိဖို့လိုအပ်တယ်။ မလုပ်ချင်တာတွေကို အတင်းအဓမ္မ လုပ်နေရတာ အောင်မြင်မှုနဲ့ အလှမ်းဝေးနိုင်တယ်။" (**တင်ညွန့်** - လူငယ်နှင့်အတွေးအမြင်)

***Information links:***

**www.dvbdebate.net**

**www.**Burmese.dvb.no

www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA